ခုံသမာဓိကောင်စီ

ခုံအဖွဲ့၏ဆုံးဖြတ်ချက်

{ နည်းဥပဒေ ၂၃(စ) }

ခုံအဖွဲ့

၂၀၁၆ ခုနှစ်၊ လျှောက်ထားသည့်အငြင်းပွားမှုအမှတ်(၅၇/၂၀၁၆)

| | |
|---|---|
| Mr.Lee Jae Chul (MD)<br>New KMC Apparel အထည်ချုပ်စက်ရုံ၊<br>အမှတ်(၈၄)၊ သံချပ်ဝန်ဦးညွန့်လမ်း၊<br>စက်မှုဇုန်(၂)၊ ရွှေပြည်သာမြို့နယ်။ | လျှောက်ထားသူ |

နှင့်

| | |
|---|---|
| ဒေါ်ခင်မေသန်း<br>အမှတ်(၁၁)ရပ်ကွက်၊ မိုးဟိန်းလမ်း၊<br>ရွှေပြည်သာမြို့နယ်။ | လျှောက်ထားခြင်းခံရသူ |

ရက်စွဲ၊ ၂၀၁၆ ခုနှစ်၊ ဩဂုတ် လ ၁၈ ရက်

ဆုံးဖြတ်ချက်

၁။ ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ စက်မှုဇုန်(၂)၊ သံချပ်ဝန်ဦးညွန့်လမ်း၊ အမှတ်(၈၄)ရှိ New KMC Apparel အထည်ချုပ်စက်ရုံ ပိုင်ရှင် Mr. Lee Jae Chul နှင့် အလုပ်သမား ဒေါ်ခင်မေသန်းတို့အကြားဖြစ်ပွားသော အငြင်းပွားမှုကို ရွှေပြည်သာမြို့နယ်ညှိနှိုင်းဖျန်ဖြေရေး အဖွဲ့မှ ညှိနှိုင်းဆောင်ရွက်သော်လည်း ပြေလည်မှုမရရှိသဖြင့် ရန်ကုန်တိုင်းဒေသကြီး၊ ခုံသမာဓိ အဖွဲ့က ကြားနာစစ်ဆေးဆုံးဖြတ်ခဲ့သည်။

၂။ ရန်ကုန်တိုင်းဒေသကြီး၊ ခုံသမာဓိအဖွဲ့က အငြင်းပွားမှုအမှတ်(၇၈/၂၀၁၅)အရ ထိုအငြင်းပွားမှုကို ကြားနာစစ်ဆေးပြီး ၂၀၁၅ ခုနှစ်၊ ဇူလိုင် လ ၂၉ ရက်နေ့တွင် ဆုံးဖြတ်ပေးခဲ့သည်။

၃။ ဤအငြင်းပွားမှုသည် တောင်းဆိုသူက တောင်းဆိုခြင်းခံရသူထံတွင် အလုပ်ထုတ်ခံရသဖြင့် အလုပ်ပြန်လည်ခန့်ထားပေးရန်နှင့် ကြားကာလနစ်နာကြေးပေးရန် တောင်းဆိုသည်မှ ဖြစ်ပွားလာသော အငြင်းပွားမှု ဖြစ်သည်။

၄။ ထိုတောင်းဆိုချက်အပေါ်တွင် ရန်ကုန်တိုင်းဒေသကြီး၊ ခုံသမာဓိအဖွဲ့က ကောက်ချက်(၁)ချက်ရေးဆွဲပြီး အဆုံးအဖြတ်ပေးခဲ့ရာ တောင်းဆိုခြင်းခံရသူမှ အောက်ပါကောက်ချက်(၁)ချက်အပေါ်တွင်ဆုံးဖြတ်သော ဆုံးဖြတ်ချက်ကို ကျေနပ်မှုမရှိ၍ လျှောက်ထားခြင်းဖြစ်သည်-

**ကောက်ချက်အမှတ်(၁)။** တောင်းဆိုသူ မခင်မေသန်းသည် ခွင့်မဲ့ (၃)ရက် တစ်ဆက်တည်း ပျက်ကွက်ခဲ့သည်မှာ မှန်သလား၊ တစ်ဆက်တည်း (၃)ရက် ပျက်ကွက်ခြင်းမရှိလျှင် မူလနေရာ၊ မူလရာထူးဖြင့် ဆက်လက်ခန့်ထားသင့်ပါသလား။ အခြားမည်သည့် သက်သာခွင့် ရထိုက်ပါသနည်း။

**ဆုံးဖြတ်ချက်အမှတ်(၁)။** တောင်းဆိုသူ အလုပ်သမား မခင်မေသန်းသည် ခွင့်မဲ့ ၃ ရက်ဆက်တိုက်ပျက်ကွက်ကြောင်းသက်သေခိုင်လုံမှုမရှိဘဲ အလုပ်မှထုတ်ပယ်ခဲ့သဖြင့်၎င်းအား မူလရာထူး၊ မူလနေရာ၊ မူလလစာ၊ မူလလုပ်သက်မပျက်ဖြင့်အလုပ်ပြန်လည်ခန့်ထားရန်နှင့် ကြားကာလနစ်နာကြေးအား အလုပ်ထုတ်သည့်နေ့မှ အလုပ်ပြန်ခန့်သည့်နေ့ အထိ ရက်ပြည့်လုပ်သည့် နောက်ဆုံးထုတ်လစာ (OT မပါ ) နှုန်းဖြင့် တွက်ချက်ထုတ် ပေးရန် ဆုံးဖြတ်သည်။

၅။ အဆိုပါ ရန်ကုန်တိုင်းဒေသကြီး၊ ခုံသမာဓိအဖွဲ့၏ (၇၈/၂၀၁၆) ဆုံးဖြတ်ချက်အပေါ်တွင် ကျေနပ်မှုမရှိသဖြင့် အလုပ်ရှင် Mr.Lee Jae Chul (MD)မှ ခုံသမာဓိကောင်စီသို့ အယူခံလျှောက်ထားလာသဖြင့် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ခုံသမာဓိကောင်စီ အမိန့်ကြော်ငြာစာအမှတ် (၃၄/၂၀၁၆)ဖြင့် ခုံသမာဓိကောင်စီ အမှုအမှတ် (၅၇/၂၀၁၆) အား ကြားနာစစ်ဆေးမည့် ခုံအဖွဲ့ကို ဦးအောင်သန်း၊ အလုပ်ရှင်ကိုယ်စားလှယ် အဖွဲ့ဝင် ဦးထွန်းအောင်၊ အလုပ်သမားကိုယ်စားလှယ် အဖွဲ့ဝင် ဦးနေမင်းတို့အား ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့သည်။

၆။ ခုံအဖွဲ့မှ အမှုတွဲကို လက်ခံရရှိပြီးနောက် နှစ်ဖက်ထွက်ဆိုချက်များ၊ မြို့နယ်ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့မှတ်တမ်း၊ ခုံသမာဓိအဖွဲ့မှတ်တမ်းနှင့် တင်ပြလာသောစာရွက်စာတမ်းအထောက်အထားများအပေါ်အခြေခံ၍ အောက်ပါအတိုင်း ကောက်ချက်ရေးဆွဲပြီး ဆုံးဖြတ်လိုက်သည်-

**ကောက်ချက်အမှတ်(၁)။** အလုပ်သမား ဒေါ်ခင်မေသန်းအား ခွင့်မဲ့တစ်ဆက်တည်း (၃)ရက် ပျက်ကွက်မှုကြောင့် မူလနေရာ၊ မူလရာထူးဖြင့် အလုပ်ပြန်လည်ခန့်ထားရန် သင့် /မသင့်။

သုံးသပ်ချက်

၇။ အလုပ်သမား ဒေါ်ခင်မေသန်းသည် (၁၄-၆-၂၀၁၆)ရက်နေ့မှ (၁၆-၆-၂၀၁၆) ရက်နေ့အထိ အလုပ်ဆင်းရန်ပျက်ကွက်မှုကို အခြေခံ၍ အလုပ်မှထုတ်ပယ်ခဲ့ခြင်းမှစ၍ ပေါ်ပေါက်လာသောအမှု ဖြစ်ပါသည်။

၈။ အလုပ်သမား ဒေါ်ခင်မေသန်း၏ ထွက်ဆိုချက်အရ (၁၄-၆-၂၀၁၆)ရက်နေ့နှင့် (၁၅-၆-၂၀၁၆)ရက်နေ့များအတွက် ဒေါ်ခိုင်ခိုင်နုမှတဆင့် ခွင့်တိုင်ကြောင်း၊ သိရှိရသော်လည်း ယင်းပြောကြားချက်ကို ဒေါ်ခိုင်ခိုင်နုမှ စက်ရုံတွင် အချိန်မီပြောကြားခြင်းအစား လိုင်းတာဝန်ခံကမေးသည့်အချိန်တွင် ပြောဆိုခြင်းနှင့် (၁၆-၆-၂၀၁၆) ရက်နေ့အတွက် ခွင့်တိုင်ကြားပေးခဲ့ခြင်း မရှိကြောင်း တွေ့ရှိရသည်။ စက်ရုံ၏ အလုပ်ခန့်ထားမှုဆိုင်ရာသဘောတူစာချုပ်ပါ အချက်များနှင့်အညီ စက်ရုံတွင် အလုပ်သမား အလုပ်ပျက်ကွက်မှုများအတွက် စနစ်တကျတင်ပြဆောင်ရွက်ရာတွင် နှုတ်ဖြင့်ပြောကြားသည့်စနစ်ထက် စာဖြင့်တင်ပြသည့်စနစ်ကို ကျင့်သုံးလျှင် ယခုအမှုကဲ့သို့ အလုပ်မှထုတ်သည်/မထုတ်သည်ဆိုသောကိစ္စ ပေါ်ပေါက်ဖွယ်မရှိပါ။ အလုပ်သမား ဒေါ်ခင်မေသန်းအနေဖြင့် မိမိလုပ်ဆောင်ရမည့်ခွင့်တိုင်ကြားမှုကို သဘာဝကျစွာ တင်ပြနိုင်ခြင်းမရှိသကဲ့သို့ (၃)ရက်ပျက်ကွက်သည့်အနက် (၂)ရက်အတွက် တစ်စုံတစ်ရာ ဖြေရှင်းတင်ပြမှုမပြုနိုင်ပါ။ ကျန်တစ်ရက်အတွက် တင်ပြချက်မှာလည်း လုံလောက်ခိုင်မာခြင်းမရှိဟု သုံးသပ်ပါသည်။ သို့ဖြစ်၍ အောက်ပါအတိုင်း ဆုံးဖြတ်လိုက်ပါသည်။

ဆုံးဖြတ်ချက်အမှတ်(၁)။ ရန်ကုန်တိုင်းဒေသကြီးခုံသမာဓိအဖွဲ့၏ အမှုအမှတ်(၇၈/၂၀၁၆)ပါ မူလရာထူး၊မူလနေရာ၊ မူလလစာ၊ မူလလုပ်သက်မပျက်ဖြင့် အလုပ်ပြန်လည်ခန့်ထားရန်နှင့် ကြားကာလနစ်နာကြေးအား အလုပ်ထုတ်သည့်နေ့မှ အလုပ်ပြန်ခန့်သည့်နေ့အထိ ရက်ပြည့်လုပ်သည့် နောက်ဆုံးထုတ်လစာ (OTမပါ ) နှုန်းဖြင့် တွက်ချက်ပေးရန် ဟူသော ဆုံးဖြတ်ချက်ကို ပယ်ဖျက်လိုက်သည်။

ဤဆုံးဖြတ်ချက်သည် အထက်တွင်ဖော်ပြထားသည့်နေ့ရက်မှစ၍ အာဏာတည်စေရမည်။

| | | |
|---|---|---|
| ဦးထွန်းအောင် | ဦးအောင်သန်း | ဦးနေမင်း |
| အဖွဲ့ဝင် | ဥက္ကဋ္ဌ | အဖွဲ့ဝင် |